# အာဏာသိမ်းစစ်အုပ်စု၏ ရမ်းကား ပစ်ခတ်မှုများအောက် အသက်ဆုံးရှုံးနေရမှုများ

**ဇွန်လ ၁၈ ရက်၊ ၂၀၂၁ ခုနှစ်**

ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အုပ်စုက နိုင်ငံတော်အာဏာကို မတရားသိမ်းယူချိန်မှစ၍ နိုင်ငံတွင်းရှိ အများပြည်သူများ၏ လုံခြုံရေးမှာ လုံး၀ ကင်းမဲ့သွားခဲ့သည်။ နိုင်ငံအနှံ့တွင်စစ်အုပ်စု လက်ကိုင်တုတ်များဖြစ်သည့် စစ်သားနှင့်ရဲများ ၏ လက်နက်အားကိုးဖြင့် ရမ်းကားပစ်ခတ်မှုများကြောင့် ကလေးများ၊ သက်ကြီးရွယ်အိုများအပါအဝင် မြောက်မြားစွာသော အပြစ်မဲ့ ပြည်သူများ အသက်ဆုံးရှုံးခဲ့ကြရသည်။ ထို့ပြင် ထိုသို့ စိတ်ထင်တိုင်း ရမ်းကား ပစ်ခတ်မှုများသည် လမ်းပန်းဆက်သွယ်မှု၊ သတင်းရယူနိုင်မှု ဝေးကွာသော တိုင်းရင်းသားဒေသများတွင် ပို၍များပြားစွာ တွေ့ရှိရသည်။

ကချင်၊ ကရင်၊ ကရင်နီ၊ တနင်္သာရီဒေသ၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် မကွေးတိုင်း စသော တိုင်းရင်းသား ဒေသများတွင် ထိုသို့ ရမ်းကားပစ်ခတ်မှုများ ပိုမိုပြုလုပ်ခဲ့ကြောင်း သတင်း၊ မှတ်တမ်းများ အရ သိရှိခဲ့ရ သည်။ ထို့ပြင် အခြားသော ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် အခြားသော တိုင်းဒေသကြီးများတွင်လည်း ထိုသို့ကျူးလွန်မှုများ ရှိနေသည်။

ကရင်နီဒေသ တွင် စစ်အုပ်စုမှ လေယာဉ်များ၊ သံချပ်ကာကားများသုံးကာ လက်နက်ကြီးများ ဖြင့် ရမ်းကား ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ပြည်သူအများအပြား သေဆုံးခဲ့ကြရ သည်။ တိုးတက်သောကရင်နီပြည်သူ အင်အားစု (PKPF) က ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်သော စစ်အုပ်စုမှ သတ်ဖြတ်ခဲ့သော ၅၅ ဦးစာရင်းမှ ၂၁ ဦးမှာ အာဏာသိမ်းစစ်အုပ်စု၏ လက်ပါးစေ၊ ရဲ၊ စစ် သားများမှ အကြောင်းမဲ့ စိတ်ထင်တိုင်း ရမ်းကား ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ပြည်သူများ သေဆုံးရခြင်း ဖြစ်ပြီး ၁ ဦးမှာ ဖမ်းဆီးခံရပြီးနောက် ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုအထဲတွင် အာဏာသိမ်း စစ်အုပ်စုမှ မေလ ၂၄ ရက်က ကက်သလစ် ဘုရား ကျောင်းကို ရဟတ်ယာဉ်ပေါ်က ပစ်ခတ်ခဲ့ရာ ဘုရားကျောင်းနံရံများ ထိခိုက် ပျက်စီးခဲ့ရပြီး ဘုရား ကျောင်းတွင် ခိုလှုံနေသော အရပ်သားများ ၄ ဦးမှာ လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရသည်။

| အမျိုးအစား | လူမျိုးတုန်းသတ်ဖြတ်ခြင်း | လူသားမျိုးနွယ်တစ်ခုလုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု | စစ်ရာဇဝတ်မှု |
|---|---|---|---|
| ခံစားရသူ | လူမျိုး၊ နိုင်ငံသား၊ လူမျိုးစု၊ ဘာသာရေး အုပ်စုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ | မည်သည့်အရပ်သားမဆို | အရပ်သားများနှင့် လက်နက်မကိုင်သည့် စစ်သုံ့ပန်းများ |
| ကာလ | စစ်ပွဲကာလဖြစ်ဖြစ်၊ မဖြစ်ဖြစ် | စစ်ပွဲကာလ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် | နိုင်ငံတကာ/ပြည်တွင်းစစ် |
| ရည်ရွယ်ချက် | အုပ်စုကို ဦးတည်၍ ရည်ရွယ်ချက်ရှိရှိဖြင့် | ဆိုးဆိုးဝါးဝါး (သို့) စနစ်တကျ၊ ကျယ်ပြန့်စွာ ကြံစည်လုပ်ဆောင်ခြင်း | မူဝါဒတစ်ခု၏ အစိတ်အပိုင်း (သို့) ပြစ်မှုကို ကျယ်ပြန့်သောပမာဏဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် ကျူးလွန်ခြင်း |

Crd@ U Aung Myo Min

ဘာသာရေး အဆောက်အဦအတွင်း ဝင်ရောက်ပစ်ခတ်၍ သေဆုံးခဲ့ရသူ တစ်ဦးရှိခဲ့ပြီး အိမ်ပေါ်သို့ လက်နက်ကြီး ကျ၍ သေဆုံးရသူ ၂ ဦးရှိသည်။ လမ်းပေါ်တွင် အကြောင်းမဲ့ပစ်ခတ်၍ သေဆုံး ရသူမှာ ၈ ဦးရှိပြီး စစ်ရှောင်ပြည်သူများအတွက် ရိက္ခာကူညီပေးစဉ် ပစ်ခတ်ခံ ရ၍ ၄ ဦး သေဆုံးခဲ့ရသည်။ သပိတ်အား ပစ်ခတ်ဖြိုခွဲ၍ ၁ ဦးသေဆုံးခဲ့ရပြီး ဖမ်းဆီးခံရပြီးနောက် သေဆုံးသူ ၁ ဦးသေဆုံးခဲ့သည်။

ထိုဒေသတွင် မေလ ၂၀ ရက်နေ့မှစ၍ ၅ ရက်ဆက်တိုက် အာဏာသိမ်း စစ်တပ် နှင့် ဒေသခံများအကြား အပြန်အလှန်တိုက်ခိုက်မှုများရှိခဲ့ပြီး နှစ်ဖက် အကျအဆုံးများရှိခဲ့သည်။ ထို့နောက်အာဏာသိမ်းစစ်တပ်မှ မြို့ပေါ်အိမ်များတွင် ဝင်ရောက်စီးနင်း နေထိုင်ပြီး တပ်စွဲထားသဖြင့် ဒေသခံ အရပ်သားတစ်သောင်းနီးပါးမှာ အိုးအိမ်စွန့်ခွာ၍ တောထဲတွင်လည်းကောင်း၊ စစ်ရှောင်စခန်းများတွင် လည်းကောင်း ပုန်းအောင်း တိမ်းရှောင်နေခဲ့ကြရသည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ပထမပတ်အတွင်း ကရင်ပြည်နယ် မြောက်ပိုင်းဒေသများသို့ လေကြောင်းအပြင် မြေပြင် ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်နေကြောင်း ဧပြီလ ၅ ရက်နေ့ ရက်စွဲဖြင့် Free Burma Ranger (FBR)မှ ထုတ်ပြန် ထားသည်ကို တွေ့ရသည်။ ဧပြီလ ၁ရက်နေ့မှစ၍ တစ်လတာ အပစ်အခတ်ရပ်စဲထားကြောင်း အကြမ်း ဖက် စစ်ကောင်စီမှ ထုတ်ပြန် ကြေညာထားသော်လည်း ထိုနေ့မှာပင် ကရင်အမျိုးသားအစည်းအရုံး-KNU တပ်မဟာ နယ်မြေ၊ မူတြော်(၅) ခရိုင်၊ ဒွယ်လိုမြို့နယ်အတွင်း လေကြောင်း(ဖာပွန်) တိုက်ခိုက်မှုများ ဆက်တိုက် ပြုလုပ်ခဲ့ သဖြင့် လူသောမြို့နယ်အတွင်း၌ မြေပြင်တိုက်ခိုက်မှုအနေဖြင့် လက်နက်ကြီး ကျည်ဖြင့် ကျေးရွာများအတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း FBR ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထိုသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အသက် ၃၅ နှစ်အရွယ် ဒေသခံ အမျိုးအသီး နော်မူဒိုအိမ်ကို ထိမှန်ခဲ့၍ နော်မူဒိုမှာ သေဆုံးခဲ့ပြီး ၎င်း၏ အမျိုးသားဖြစ်သူ စောမြအောင်အနေဖြင့် ဘယ်ဘက်ပုခုံးတွင် ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။ တပ်ရင်းပေါင်းများစွာကို ထိုဒေသသို့ ပို့ဆောင်ခဲ့ပြီး ရက်သတ္တတစ်ပတ်လုံး လေယာဉ်အပါအဝင် လက်နက်ကြီး များဖြင့် အဆက်မပြတ် ရမ်းကားပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းကြောင့် သေဆုံး ဒဏ်ရာရသူများစွာရှိခဲ့ပြီး ထောင်ပေါင်းများစွာသော ဒေသခံ ကျေးရွာသားများ အိုးအိမ်စွန့်ခွာ ထွက်ပြေးပုန်းအောင်းခဲ့ကြရသည်။

ကချင်ပြည်နယ်၊ ဗန်းမောက်မြို့တွင် အာဏာသိမ်းစစ်အုပ်စုမှ မေလ ၃ ရက်နေ့ တွင် လေကြောင်းတိုက်ခိုက်မှုများ ရမ်းကားပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ သဖြင့် သံဃာတော်တစ်ပါးပျံလွန်တော်မူခဲ့ပြီး ဒေသခံ ၃ ဦး ထိခိုက်သေဆုံးခဲ့ သည်။ ထိုသေဆုံးသူများအထဲတွင် ကလေးငယ်တစ်ဦး ပါဝင်ခဲ့သည်။

| | လူမျိုးတုန်းသတ်ဖြတ်ခြင်း | လူသားမျိုးနွယ်တစ်ခုလုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု | စစ်ရာဇဝတ်မှု |
|---|---|---|---|
| ပြစ်မှုပုံစံများ | အုပ်စုတစ်ခုဝင်များကို<br>(၁) ပစ်မှတ်ထားသတ်ဖြတ်ခြင်း၊<br>(၂) ရုပ်/စိတ်ပိုင်း အန္တရာယ်ကျရောက်စေခြင်း၊<br>(၃) စိတ်ထိခိုက်အောင် ရည်ရွယ်၍ အသက်ကို ထိပါးခြင်း၊<br>(၄) လူဦးရေမတိုးအောင်လုပ်ခြင်း၊<br>(၅) ကလေးများကို ရွှေ့ပြောင်းပစ်ခြင်း | (၁) လူသတ်ခြင်း<br>(၂) မျိုးတုန်းစေခြင်း<br>(၃) ကျွန်ပြုခြင်း<br>(၄) အတင်းအကျပ်ရွှေ့ပြောင်းစေခြင်း<br>(၅) ဖမ်းဆီးချုပ်နှောင်ခြင်း<br>(၆) နှိပ်စက်ခြင်း<br>(၇) လိင်စော်ကားခြင်း<br>(၈) လူအုပ်စုတစ်စုကို ညှင်းပန်းနှိပ်စက်ခြင်း<br>(၉) လူများကို အတင်းအကျပ် ပျောက်ဆုံးစေခြင်း<br>(၁၀) လူမျိုးရေးခွဲခြားသည့် ရာဇဝတ်မှု ကျူးလွန်ခြင်း<br>(၁၁) စိတ်/ရုပ် ပြင်းထန်စွာ ထိခိုက်စေခြင်း | (၁) ဂျိနီဗာဥပဒေကို ချိုးဖောက်ခြင်း<br>(၂) စစ်ဥပဒေကို ချိုးဖောက်ခြင်း<br>(၃) စစ်မတိုက်နိုင်သူနှင့် ဖမ်းဆီးထား သူများအပေါ် တိုက်ခိုက်ခြင်း<br>(၄) အရပ်သားများကို သတ်ဖြတ်ခြင်း<br>(၅) မျိုးတုန်းအောင် လုပ်ဆောင်ခြင်း<br>(၆) နှိပ်စက်ခြင်း<br>(၇) ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း<br>(၈) ဓားစာခံအဖြစ် ဖမ်းဆီးခြင်း<br>(၉) အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း<br>(၁၀) ကူညီရေးဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ကို တိုက်ခိုက်ခြင်း<br>(၁၁) ကယ်ဆယ်ရေးဆေးဝါးဌာနနှင့် ယာဉ်များကို တိုက်ခိုက်ခြင်း<br>(၁၂) ဘာသာရေး၊ ယဉ်ကျေးမှု အဆောက်အဦများကို တိုက်ခိုက်ခြင်း<br>(၁၃) ဆေးရုံများ၊ လူနာများကို တိုက်ခိုက်ခြင်း |

Crd© U Aung Myo Min

ထိုသို့ နေ့စဉ် ရက်ဆက် လေယာဉ်၊ ရဟတ်ယာဉ်များ အသုံးပြု တိုက်ခိုက်ခြင်းကြောင်း ဒေသခံ အပြစ်မဲ့ပြည်သူ ရာပေါင်းများစွာ နေရပ်စွန့်ခွာ တိမ်းရှောင်နေခဲ့ကြရသည်။

ချင်းပြည်နယ် မင်းတပ်မြို့ ဒေသခံကာကွယ်ရေးအဖွဲ့နှင့် စစ်တပ်ကြား တိုက်ခိုက်မှုတွေဖြစ်ခဲ့ပြီးနောက် စစ်တပ်က မြို့တွင်းက အဓိကနေရာများမှာ ဝင်ရောက် တပ်စွဲခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်သည်။ မေလ ၁၇ ရက်နေ့တွင် မြို့ပေါ်လူနေအိမ်တချို့ပေါ်သို့ ညဘက်အချိန်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် နေအိမ်ထဲတွင် ပုန်းနေသော အသက် ၉ နှစ်အရွယ် ကလေးငယ်တစ်ဦးအား ထိမှန်၍ ကြီးမားသည့် ဒဏ်ရာရခဲ့သော်လည်း စစ်တပ်မှ ဆက်တိုက် ပစ်ခတ်နေသဖြင့် အပြင်ထွက် ဆေးကုခွင့်မရခဲ့ပေ။ ထောင်ပေါင်းများစွာသော ဒေသခံများမှာ မြို့နှင့် ဝေးရာသို့ တိမ်းရှောင်နေကြရသည်။ ယခုအခါ မြို့ပေါ်တွင် စစ်ရှောင် စခန်း ၃ ခုလောက်သာရှိပြီး သောင်းနှင့်ချီသော ဒေသခံများမှာ တောထဲတောင်ထဲတွင်သာ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ကာ ပုန်းရှောင်နေကြရပြီး ကျန်းမာရေးထိခိုက်မှုများ များပြားလာပြီး စားနပ်ရိက္ခာ ပြတ်လပ်မှု နှင့် ရင်ဆိုင်နေကြရသည်။

မတ်လ ၂၇ ရက်နေ့ကလည်း တနင်္သာရီတိုင်း ထားဝယ်မြို့ အ.ထ.က ၃ ရှေ့တွင် ဆိုင်ကယ်စီးလာသည့် လူငယ် ၃ ဦးအား မျက်နှာချင်းဆိုင်မှ မောင်းလာသော စစ်ကားပေါ်မှ သေနတ်ဖြင့် အကြောင်းမဲ့ ပစ်ခတ်၍ ဆိုင်ကယ်ပေါ်တွင် ပါလာ သူ မောင်ကျော်မင်းလတ် အသက် ၁၇ နှစ် အား သေနတ်ထိမှန်ခဲ့ရာ စစ်သား များမှ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် စစ်ဆေးရုံတွင် သေဆုံးခဲ့ရသည်။

မတ်လ ၂၃ ရက်နေ့၊ မန္တလေးမြို့ အောင်ပင်လယ်ရပ်ကွက်တွင် အာဏာသိမ်း စစ်ကောင်စီ၏ စစ်တပ်နှင့် ရဲတပ်ဖွဲ့များ၏ အကြမ်းဖက် ပစ်ခတ်မှုကြောင့် နေအိမ်တွင်ရှိနေသည့် အသက် ၇ နှစ် ကလေးငယ်တစ်ဦး နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ရသည်။ နေအိမ်၌ရှိနေသည့် ဖခင်ဖြစ်သူ၏ ရင်ခွင်ထဲ ပိုက်ချီထားသော မခင်မျိုးချစ် (၇ နှစ်)သည် ဝမ်းဗိုက်ကို သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရကာ ဖခင်ဖြစ်သူ လက်ထဲမှာပင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၅ ရက်နေ့တွင် ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ လှေဆွဲရွာ အနီးရှိ ရွာသစ်ကျေးရွာတွင် စစ်အုပ်စုမှ ဆိုင်ကယ်စီးလာနေသော လူငယ်တစ်ဦးအား ဆိုင်ကယ် ရပ်မပေးဟု ဆိုကာ ရမ်းကားပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သည်။

ဇွန်လ ၅ ရက်နေ့တွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဘန့်ဘွေးကျေးရွာသို့ နံနက် ၃ နာရီအချိန် စစ်အုပ်စု အင်အား ၅၀ ခန့်ရှိသည့် စစ်တပ်မှ ဝင်ရောက်ပစ်ခတ်သဖြင့် အမျိုးသမီးငယ်တစ်ဦးမှာ မောင် ဖြစ်သူအား ဆိုင်ကယ်ပေါ်တင်၍ မောင်းနှင်ထွက်ပြေးစဉ် စစ်သားများ၏ ရမ်းကား ပစ်ခတ်မှုကြောင့် ထိုနေရာတွင်ပင် သေဆုံးခဲ့ရသည်။ ထိုဒေသရှိ ထောင်ချီ သော ဒေသခံများလည်း တောထဲ၊ တောင်ထဲတွင် ပြေးရှောင်ပုန်းအောင်နေ ရသည်။

ဇွန်လ ၁၅ ရက် ညနေပိုင်းတွင် မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကင်းမရွာတွင် စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် ကင်းမရွာ တစ်ရွာလုံးအား အာဏာသိမ်း စစ်ကောင်စီက မီးတင်ရှို့ခဲ့သည်။ အသက်အရွယ်ကြီးသူများမှာ ထွက်မပြေးနိုင်သဖြင့် ရွာအတွင်း ကျန်ရစ်ခဲ့ကြသည်။ အချို့ကိုသာ ကယ်တင်နိုင်ခဲ့သော်လည်း အချို့မှာ

မီးလောင်သေဆုံးခဲ့ရသည်။ ထိုအထဲတွင် ကျန်းမာရေး အလွန်ဆိုးဝါးနေသော ဦးမြမောင် (အသက် ၈၈ နှစ်)နှင့် ဇနီး ဒေါ်ကြီးမေ၊ (အသက် ၈၂) နှစ် အဘိုး အဘွား ဇနီးမောင်နှံတို့သည် ထွက်မပြေးနိုင်သောကြောင့် မီးလောင်သေဆုံးခဲ့ ရသည်။ ထိုသို့ တစ်ရွာလုံးအား လက်လွတ်စပယ် မီးတင်ရှို့မှုကြောင့် ရွာတွင်းရှိ ကျွဲ၊ နွား စသည့် အိမ်မွေးတိရစ္ဆာန်များနှင့် စားနပ်ရိက္ခာများ များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အထက်ပါ ဖြစ်စဉ်များသည် လက်နက်အားကိုးဖြင့် ပြည်သူများအား အနိုင်ကျင့်စော်ကားခြင်း၊ ရမ်းကားခြင်းနှင့် လူ့စိတ်ကင်းမဲ့စွာ ပြုမူခြင်းများပင်ဖြစ်သည်။ ထိုကဲ့သို့ လက်နက်အားကိုးဖြင့် တရားလက်လွတ် ပစ်သတ်မှုများသည် လူ့အခွင့်အရေးချိုးဖောက်မှုဘောင်ထက် ကျော်လွန်၍ နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ လူမျိုးတုန်းသတ်ဖြတ်မှု (Genocide)၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု (Crime Against Humanity)၊ စစ်ရာဇဝတ်မှု (War Crime) တို့သည် နိုင်ငံတကာ ရာဇဝတ်မှုခင်းများပင် ဖြစ်သည်။ အထက်ပါဖြစ်ရပ်များသည် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် ပြည်သူများ အပေါ် ထိုနိုင်ငံတကာရာဇဝတ်မှု အားလုံးကို တပြိုင်နက်တည်း ကျူးလွန်လျက်ရှိကြောင်း သက်သေပြ၊ ညွှန်းဆို လျက်ရှိသည်။

ဒေသ၊ လူမျိုးစု၊ အုပ်စုတစ်ခုခုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် လူမျိုးတုန်းသတ်ဖြတ်မှုတွင် အကြုံးဝင် စေပြီး၊ အုပ်စုတစ်ခုကို ရည်ရွယ်ချက်ရှိရှိဖြင့် တရားမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အတင်းအကျပ်ရွှေ့ပြောင်းစေခြင်းတို့သည် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သည်။ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ကူညီကယ်ဆယ်ရေးဝန်ထမ်းများအား တိုက်ခိုက်ခြင်း၊ ဘာသာရေး၊ ယဉ်ကျေးမှု အဆောက်အဦများကို တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ အာဏာ သိမ်းစစ်အုပ်စုသည် ယခုအခါ အထက်ပါအုပ်စုများကို ပစ်မှတ်ထား၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပြင်းပြင်းထန်ထန် ကျူးလွန်လျက်ရှိသည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အာဏာသိမ်းစစ်အုပ်စုမှ ထိုကဲ့သို့ ကြီးမားသည့် ရာဇဝတ်မှုများ ကျူးလွန်နေသည်ကို ဥပဒေဘောင်အတွင်းမှ ထိရောက်စွာ အမြန်ဆုံးအရေးယူ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မဆိုင်းမတွ ရှာဖွေကိုင်တွယ်ရန် လိုအပ်ပါသည်။ ထိုသို့ မဟုတ်ပါက မြန်မာနိုင်ငံတွင်းရှိ များစွာသော အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ မြန်နှုန်းမြင့်စွာဖြင့် ထပ်မံဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။